# ၂၀၁၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏

# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

၂၀၁၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ

(၂၀၁၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၂။ )

၁၃၇၇ ခုနှစ် ၊ ပြာသိုလပြည့်ကျော် ၄ ရက်

(၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ ၂၈ ရက်)

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၆–၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော အသုံးစရိတ်များကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်အသုံးစရိတ်များ

အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဤဥပဒေ၏ ဇယား(၁)၊ (၂)၊ (၃)နှင့် (၄)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် အသုံးစရိတ်များကို ထိရောက်စွာ စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ အသုံးစရိတ်များကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊အမိန့်ကြော်ငြာစာများ၊အမိန့်များ၊ညွှန်ကြားချက်များအရခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

၅။ တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသော ရငွေများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၆–၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၆။ တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် အသုံးစရိတ်များကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော အသုံးစရိတ်များအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် သီးသန့်ရန်ပုံငွေအသုံးစရိတ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၆–၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်း များကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၃

## သီးသန့်ရန်ပုံငွေ

၇။ တိုင်းဒေသကြီး အစိုးရအဖွဲ့သည် အောက်ပါစည်းကမ်းချက်များနှင့်ညီညွတ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သီးသန့်ရန်ပုံငွေမှ တောင်းခံသုံးစွဲနိုင်သည် –

(က) ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက်အသုံးစရိတ်ဖြစ်ခြင်း၊

(ခ) ဘဏ္ဍာနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊

(ဂ) တည်ဆဲဥပဒေများ ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်း ကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း။

၈။ တိုင်းဒေသကြီး အစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း ၄

## တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၉။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား(၁)၊ (၂)၊ (၃)၊ (၄) တို့တွင် ဖော်ပြထားသော တိုင်းဒေသကြီး အဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများနှင့်အသုံးစရိတ်များကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၆–၂၀၁၇ ခုနှစ် အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း များတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၀။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော် စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များလုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ရင်းနှီးမြှုပ်နှံ ရန်သော်လည်းကောင်း၊ လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့် ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၁၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော တိုင်းဒေသကြီး အဆင့်ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေများနှင့် အညီ တိုင်းဒေသကြီးအတွက် ဆောင်ရွက်ခွင့်ရှိသည့် ပြည်ပမှ ငွေကြေးအကူအညီနှင့်အထောက်အပံ့တို့ကို ရယူဆောင်ရွက်နိုင်သည်။

၁၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော တိုင်းဒေသကြီး အဆင့်ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ပမှ ငွေချေးယူရန် အကြောင်း ပေါ်ပေါက်ပါက ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ပြည်ပမှ ငွေချေးယူခြင်းကို တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ရယူဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်

ဝန်ကြီးချုပ်

တိုင်းဒေသကြီးအစိုးရအဖွဲ့

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

ဇယား (၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၂.၀၀၀ | ၈၀၁၀.၉၇၃ | | | ၂၀၀၀.၀၀၀ | | | | ၁၀၀၃၀.၉၇၃ |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် သူ | | | | | | | | | |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ကတာဝန်ပေးသူ | | ၆၀၀.၀၀၀ | | | | | | | ၆၀၀.၀၀၀ |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ်ရုံး | တိုင်းဒေသကြီး ဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | ၂.၅၀၀ | | | | | | | ၂.၅၀၀ |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံ | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | ၀.၂၈၀ | | | | | | | ၀.၂၈၀ |
| | ပေါင်း | | ၁၂.၀၀၀ | ၈၆၁၂.၇၅၃ | | | ၂၀၀၀.၀၀၀ | | | | ၁၁၄၃၃.၇၅၃ |

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ပြည်ထောင်စုထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၀၉၆၁.၄၄၄ | | ၂၀၀၀.၀၀၀ | ၂၆၈၄၈.၇၈၈ | | | | ၅၀၆၁၀.၂၃၂ |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကတာဝန်ပေး | ၄၉၂.၃၅၃ | | | ၁၅၉၅.၇၃၇ | | | | ၂၀၈၈.၀၉၀ |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ကတာဝန်ပေးသူ | ၁၀၅.၉၅၀ | | | | | | | ၁၀၅.၉၅၀ |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ်ရုံး | တိုင်းဒေသကြီး ဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၈၀၁.၃၁၂ | | | ၆၃.၄၉၁ | | | | ၈၆၄.၈၀၃ |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တာဝန်ပေးသူ | ၁၄၇၉.၈၀၈ | | | ၁၁၈.၉၇၃ | | | | ၁၅၉၈.၇၈၁ |
| | ပေါင်း | | ၂၃၈၄၀.၈၆၇ | | ၂၀၀၀.၀၀၀ | ၂၈၆၂၆.၉၈၉ | | | | ၅၅၂၆၇.၈၅၆ |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | ကြွေးမြီ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် တွင်ကောက်ခံသည့်အခွန်အကောက်** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၃၃၅၈.၄၁၉** | | | | | | | | **၃၃၅၈.၄၁၉** |
| | ၁ | ယစ်မျိုးခွန် | | **၃၃၅၈.၄၁၉** | | | | | | | | **၃၃၅၈.၄၁၉** |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်** | **၎င်း** | **၁၅၀၃.၉၃၂** | | | | | | | | **၁၅၀၃.၉၃၂** |
| | ၁ | မြေယာပေါ် တွင် ကောက်ခံသည့်အခွန် | | ၁၃၈.၅၁၉ | | | | | | | | ၁၃၈.၅၁၉ |
| | ၂ | ရေခွန်နှင့်တာတမံခွန် | | | | | | | | | | |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၉၈.၄၂၀ | | | | | | | | ၁၉၈.၄၂၀ |
| | ၄ | ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၇၇၇.၄၄၃ | | | | | | | | ၇၇၇.၄၄၃ |
| | ၅ | အင်းအိုင်ခွန် | | ၃၈၉.၅၅၀ | | | | | | | | ၃၈၉.၅၅၀ |
| ၃ | | **စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | **၎င်း** | ၁၇၂၅၀.၄၄၁ | | | | | | | | ၁၇၂၅၀.၄၄၁ |
| | ၁ | ပစ္စည်းခွန် | | ၄၇၆၉.၀၉၆ | | | | | | | | ၄၇၆၉.၀၉၆ |
| | ၂ | ဘီးခွန် | | ၁၂၄၈၁.၃၄၅ | | | | | | | | ၁၂၄၈၁.၃၄၅ |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)အဆက်
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | ကြွေးမြီ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၄ | | **ပြည်ထဲရေး** | **ဝန်ကြီးချုပ်** | | **၆၂.၆၇၂** | | | | | | | **၆၂.၆၇၂** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | **သို့မဟုတ် တိုင်းဒေသကြီး** | | ၅၁.၁၅၀ | | | | | | | ၅၁.၁၅၀ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | **သူ** | | ၄.၁၇၀ | | | | | | | ၄.၁၇၀ |
| | ၃ | မီးသတ်ဦးစီးဌာန | | | ၇.၃၅၂ | | | | | | | ၇.၃၅၂ |
| ၅ | | **သမဝါယမ** | **ရှင်း** | | **၂၃.၀၀၆** | | | | | | | **၂၃.၀၀၆** |
| | ၁ | သမဝါယမဦးစီးဌာန | | | ၁၂.၃၄၃ | | | | | | | ၁၂.၃၄၃ |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | ၁၀.၆၆၃ | | | | | | | ၁၀.၆၆၃ |
| ၆ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | **ရှင်း** | | **၃၂.၀၀၀** | | | | | | | **၃၂.၀၀၀** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | ၃၂.၀၀၀ | | | | | | | ၃၂.၀၀၀ |
| ၇ | | **မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး** | **ရှင်း** | | **၄၁.၄၁၁** | | | | | | | **၄၁.၄၁၁** |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | **၉.၉၁၀** | | | | | | | **၉.၉၁၀** |
| | ၂ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | ၃၁.၅၀၁ | | | | | | | ၃၁.၅၀၁ |
| ၈ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေး** | **ရှင်း** | | ၄၀.၈၈၈ | | | | | | | ၄၀.၈၈၈ |
| | ၁ | သစ်တောဦးစီးဌာန | | | ၄၀.၈၃၈ | | | | | | | ၄၀.၈၃၈ |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | | | ၀.၀၅၀ | | | | | | | ၀.၀၅၀ |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | | | | | | | |

တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | ကြွေးမြီ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၉ | | **အားကစား** | တိုင်းဒေသကြီးဝန်ကြီးချုပ် | | **၃၀.၃၇၅** | | | | | | | **၃၀.၃၇၅** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | **သို့မဟုတ် တိုင်းဒေသကြီး သူ** | | ၃၀.၃၇၅ | | | | | | | ၃၀.၃၇၅ |
| ၁၀ | | **ဘဏ္ဍာရေး** | ၄င်း | | **၀.၀၁၂** | | | **၁၀၇၂၂၅.၀၀၀** | | | | **၁၀၇၂၂၅.၀၁၂** |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | ၀.၀၁၂ | | | ၁၀၇၂၂၅.၀၀၀ | | | | ၁၀၇၂၂၅.၀၁၂ |
| ၁၁ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၄င်း | | **၀.၀၂၂** | | | | | | | **၀.၀၂၂** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | ၀.၀၂၂ | | | | | | | ၀.၀၂၂ |
| ၁၂ | | **ဆောက်လုပ်ရေး** | ၄င်း | | ၁၁၀.၂၇၃ | | | | | | | ၁၁၀.၂၇၃ |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | ၈၃.၂၇၈ | | | | | | | ၈၃.၂၇၈ |
| | ၂ | လမ်းဦးစီးဌာန | | | ၂၆.၉၉၅ | | | | | | | ၂၆.၉၉၅ |
| ၁၃ | | **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မ** | ၄င်း | | ၂၂၇၀၇.၂၀၅ | | ၃၅၅၆၃.၆၃၅ | | | ၇၄၅၃.၀၀၀ | | ၆၅၇၂၃.၈၇၀ |
| ၁၄ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၄င်း | | ၁၁၅၄၇.၅၉၆ | | ၁၄၀၀.၀၀၀ | | | | | ၁၂၉၄၇.၅၉၆ |
| | | **ပေါင်း** | | ၂၂၁၁၂.၇၉၂ | ၃၄၆၀၃.၅၄၀ | | ၃၆၉၆၃.၆၃၅ | ၁၀၇၂၂၅.၀၀၀ | | ၇၄၅၃.၀၀၀ | | ၂၀၀၃၅၇.၉၆၇ |

# တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | **ပြည်ထဲရေး** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ** | **၁၀၈၂၉.၅၂၆** | | **၁၅.၀၀၀** | **၃၈၆၄.၆၁၄** | | | | **၁၄၇၀၉.၁၄၀** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၈၈၆၂.၈၃၀ | | ၁၅.၀၀၀ | ၁၄၅၀.၁၈၉ | | | | ၁၀၃၂၈.၀၁၉ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၂၃၅.၁၈၈ | | | ၂၀၄.၀၀၀ | | | | ၄၃၉.၁၈၈ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၁၇၃၁.၅၀၈ | | | ၂၂၁၀.၄၂၅ | | | | ၃၉၄၁.၉၃၃ |
| ၂ | | **သမဝါယမ** | **ၚင်း** | **၁၆၂၅.၉၁၇** | | | **၁၃၃.၀၀၀** | | | | **၁၇၅၈.၉၁၇** |
| | ၁ | သမဝါယမဦးစီးဌာန | | ၁၅၂၄.၁၀၂ | | | ၃.၀၀၀ | | | | ၁၅၂၇.၁၀၂ |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၀၁.၈၁၅ | | | ၁၃၀.၀၀၀ | | | | ၂၃၁.၈၁၅ |
| ၃ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | **ၚင်း** | **၃၅၅၃.၇၉၉** | | | **၈၃.၅၆၀** | | | | **၃၆၃၇.၃၅၉** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၃၅၅၃.၇၉၉ | | | ၈၃.၅၆၀ | | | | ၃၆၃၇.၃၅၉ |
| ၄ | | **မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး** | **ၚင်း** | **၁၀၄၅.၉၀၄** | | | **၁၅၃.၇၄၆** | | | | **၁၁၉၉.၆၅၀** |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၄၆.၂၂၉ | | | ၇၀.၁၇၅ | | | | ၃၁၆.၄၀၄ |
| | ၂ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၇၉၉.၆၇၅ | | | ၈၃.၅၇၁ | | | | ၈၈၃.၂၄၆ |
| ၅ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | **ၚင်း** | ၂၆၆၉.၀၁၉ | | | ၂၄၂.၂၁၂ | | | | ၂၉၁၁.၂၃၁ |
| | ၁ | သစ်တောဦးစီးဌာန | | ၁၆၈၄.၉၃၃ | | | ၂၁.၀၃၄ | | | | ၁၇၀၅.၉၆၇ |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | | ၉၀၃.၆၂၁ | | | ၁၀၂.၈၉၈ | | | | ၁၀၀၆.၅၁၉ |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၈၀.၄၆၅ | | | ၁၁၈.၂၈၀ | | | | ၁၉၈.၇၄၅ |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၆ | | **အားကစား** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်ကတာဝန်ပေး** | **၇၆၂.၇၀၉** | | | **၂၁၉၉.၆၆၄** | | | | **၂၉၆၂.၃၇၃** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၇၆၂.၇၀၉ | | | ၂၁၉၉.၆၆၄ | | | | ၂၉၆၂.၃၇၃ |
| ၇ | | **ဘဏ္ဍာရေး** | **၎င်း** | **၇၁.၁၆၅** | | | **၈.၃၆၇** | | | | **၇၉.၅၃၂** |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၇၁.၁၆၅ | | | ၈.၃၆၇ | | | | ၇၉.၅၃၂ |
| ၈ | | **အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | **၎င်း** | **၈၆၆.၉၁၆** | | | **၈၈.၅၀၀** | | | | **၉၅၅.၄၁၆** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၈၆၆.၉၁၆ | | | ၈၈.၅၀၀ | | | | ၉၅၅.၄၁၆ |
| ၉ | | **ဆောက်လုပ်ရေး** | **၎င်း** | ၂၃၃၇၇.၄၅၆ | | | ၁၇၀၁၀.၇၅၃ | | | | ၄၀၃၈၈.၂၀၉ |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၅၂၀.၉၅၇ | | | ၇၅၇၄.၄၃၄ | | | | ၈၀၉၅.၃၉၁ |
| | ၂ | လမ်းဦးစီးဌာန | | ၂၂၈၅၆.၄၉၉ | | | ၉၄၃၆.၃၁၉ | | | | ၃၂၂၉၂.၈၁၈ |
| ၁၀ | | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | **၎င်း** | ၃၃၁၀၇.၇၀၂ | | | ၄၃၄၄၅.၂၉၈ | | ၁၀၀.၀၀၀ | ၅၀၀၀.၀၀၀ | ၈၁၆၅၃.၀၀၀ |
| ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | **၎င်း** | ၅၈၆၀.၆၈၆ | | | ၈၄၀၁.၂၇၁ | | | | ၁၄၂၆၁.၉၅၇ |
| | | ပေါင်း | | **၈၃၇၇၀.၇၉၉** | | **၁၅.၀၀၀** | **၇၅၆၃၀.၀၆၅** | | **၁၀၀.၀၀၀** | **၅၀၀၀.၀၀၀** | **၁၆၄၅၂၃.၀၆၄** |